ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၅ ၊ အမှတ် ၂ | ၂၀၁၉ ခုနှစ် ၊ နိုဝင်ဘာလ ၁ ရက်

## ပြင်သစ်သံရုံးအခြေစိုက်မှ Mr. Denis Bertuit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား ဂါရဝပြုလာရောက်တွေ့ဆုံ



၂၀၁၉ ခုနှစ် အောက်တိုဘာလ (၁၇) ရက်နေ့ နံနက် (၁၀:၀၀) အချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ(၁) ၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ပြင်သစ်သံရုံးအခြေစိုက် ထိုင်း ၊ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်အိန္ဒိယနိုင်ငံဆိုင်ရာ Customs Attache' ဖြစ်သူ Mr Denis Bertuit ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ လာရောက်တွေ့ဆုံခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသည် နှစ်နိုင်ငံ အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာအကောက်ခွန်နှင့် ပြင်သစ်အကောက်ခွန်တို့အကြား ချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာ (Letter of Intent-LOI) အား အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ရည်ရွယ်၍ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် ပြင်သစ်အကောက်ခွန်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

Scanned with CamScanner

# ကမ္ဘောဒီးယား ၊ လာအို ၊ မြန်မာ အကောက်ခွန်စီမံခန့်ခွဲမှုဆိုင်ရာ သုံးပွင့်ဆိုင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း




IMF မှ ဦးဆောင်၍ ဂျပန်အစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် ကမ္ဘောဒီးယား ၊ လာအို ၊ မြန်မာ အကောက်ခွန်စီမံခန့်ခွဲမှုဆိုင်ရာ သုံးပွင့်ဆိုင် အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၈) ရက်နေ့မှ (၁၀) ရက်နေ့အထိ ရန်ကုန်မြို့ Sule Shangri-La Hotel ၌ (၃) ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာ ၊ ကမ္ဘောဒီးယား ၊ လာအို အကောက်ခွန်အဖွဲ့အစည်း (၃) ဖွဲ့မှ မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် အကောက်ခွန် ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံစီ၌ ရင်ဆိုင်ကြုံတွေ့ရသည့် အားသာချက်များ ၊ အားနည်းချက်များ ၊ အခက်အခဲများနှင့် အဆိုပါအခက်အခဲများအား ဖြေရှင်းသည့်နည်းလမ်းများ စသည့် ဒေသအတွင်းအကောက်ခွန်ပေါင်းစည်းရေးနှင့် ညီညွတ်မှုရှိရန် အတွေ့အကြုံများကို ဖလှယ်ခြင်းဖြင့် ဗဟုသုတများစွာ ရရှိစေရန်ဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာ့အကောက်ခွန်ဌာနမှ ကျွမ်းကျင်ပညာရှင် (၁၂) ဦး ၊ ကမ္ဘောဒီးယား အကောက်ခွန်နှင့် ယစ်မျိုးဆိုင်ရာ ဒါရိုက်တာ အဖွဲ့ချုပ် (GDCE) မှ ကျွမ်းကျင်ပညာရှင် (၃) ဦး ၊ လာအို အကောက်ခွန်ဌာနမှ ကျွမ်းကျင်ပညာရှင် (၃) ဦး ၊ IMF ၏ အကြီးတန်း စီးပွားရေးပညာရှင် နှင့် နည်းပညာ အကူအညီပေးရေးအကြံပေးတို့ တက်ရောက်ခဲ့ကြပါသည်။

CS Scanned with CamScanner

# မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ (Customs Tariff of Myanmar 2022–MCT 2022) ပြုစုရန်အတွက် တတိယအကြိမ် အစည်းအဝေးကျင်းပခြင်း



မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ (Customs Tariff of Myanmar 2022–MCT 2022) ပြုစုရန်အတွက် တတိယအကြိမ် အစည်းအဝေးအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၄) ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) ၏ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ပြင်ဆင်ချက်များအရ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ (Customs Tariff of Myanmar 2022–MCT 2022) ပြုစုရေးအတွက် အခန်း (၅၀) မှ (၇၂) အတွင်းရှိ အကောက်ခွန်နှုန်းလိုင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ နှင့် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၂၇၈.၆၅၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၂၀၉) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၃၂၇၈.၆၅၈) သန်းခန့်ဖြစ်ပါသည်။

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးမှု






ဆိပ်ကမ်း တားဆီးမှုအနေဖြင့် တားဆီးမှု (၁၀) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၃၁.၃၆၀) သန်းရှိသည့် အနက် ( ၂၃-၁၀-၂၀၁၉ )ရက်နေ့တွင် PUNGKOOK MYANMAR Ltd မှ တင်သွင်းလာသော CMP ပစ္စည်းများအား စစ်ဆေးခဲ့ရာ Item No.(18) နှင့် Item No.(19) တို့တွင် ကြေညာထားသည့် အရေအတွက်ထက် ပိုမိုပါရှိလာသော BONP P-560 S (18.8 Kg/Pail) = 3421.6 Kg နှင့် BONP P-560 H (18.8 Kg/Pail) = 1710.8 Kg စုစုပေါင်းခန့်မှန်းတန်ဖိုး (၄၄.၅) သန်းအားတားဆီးခဲ့ပါသည်။

Scanned with CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၂၇၈.၆၅၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း





နယ်မြေတားဆီးမှုအနေဖြင့် (၁၉၉) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာကျပ် (၃၀၄၇.၂၉၈) သန်းရှိသည့်အနက် ၇-၁၀-၂၀၁၉ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi Pajero ယာဉ် (၁) စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်၊ နံ့သာနီနှင့် တမလန်းနွယ်ဟု ယူဆရသော သစ်ချောင်းများ (၃၅၀) ပိဿာနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၆.၅) သန်းအား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၃၂၇၈.၆၅၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂-၁၀-၂၀၁၉ ရက်နေ့တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် (HONDA ODYSSEY RB1) ယာဉ် (၁) စီးပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးအရွယ်အစားမျိုးစုံ ၊ ပုတီးစေ့မျိုးစုံ စုစုပေါင်း အလေးချိန် (၁၀၄၀) ကီလိုဂရမ် နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်း တန်ဖိုးကျပ် (၇၇) သန်းအား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၃၂၇၈.၆၅၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၂၄) ရက်နေ့တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော NISSAN DIESEL TRUCK မော်တော်ယာဉ် (၁) စီး ခန့်မှန်းတန်ဖိုးကျပ် (၅၀) သန်းခန့်အား တွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

## မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ အောက်တိုဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၂ မှု | ၂ မှု | ၃.၃၅ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၁.၅ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၇ မှု | ၇ မှု | ၃၃.၂၆၅ သန်း |
| | စုစုပေါင်း | - | ၁၀ မှု | ၁၀ မှု | ၃၈.၁၁၅ သန်း |


အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၉) ရက်နေ့ မှ (၃၁-၁၀-၂၀၁၉) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၄၈) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၁၀၉၄.၂၆၄) သန်းအား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

Scanned with CamScanner


# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Diesel Fuel များကို Re export တင်ပို့မည်ဖြစ်ပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2710.19.17 ဖြစ်ပြီး အကောက်ခွန် 1.5% ကုန်သွယ်လုပ်ငန်းခွန် 0% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။





Electric Balance Scooter (47kg) ၏ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8711.60.92 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Sim Card ထည့်၍ အသုံးပြုရသော Tablet များ တင်သွင်းလိုပါသဖြင့် ဆက်သွယ်ရေးထောက်ခံချက်လို/မလိုအား မေးမြန်းရာ ဆက်သွယ်ရေး ထောက်ခံချက် လိုအပ်ကြောင်း ဖြေကြားခဲ့ ပါသည်။



Feeding Machinery များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 8436.10.10 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။

Scanned with CamScanner